ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက်ငါတို့၏ အသက်ကိုစွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၃/၂၀၂၂)

အမှတ်စဉ် (၂၃/၂၀၂၂) http://www.nugmyanmar.org ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ (၃) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်သည့်နေ့အားဂုဏ်ပြုထိုက်ကြောင်း ယာယီသမ္မတပြောကြား

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူတွေလိုလားတဲ့ဒီမိုကရေစီအခွင့်အရေးရရှိဖို့အတွက် ဖွဲ့စည်းတည်ထောင်ခဲ့ရုံသာမက အခက်အခဲပေါင်းမြောက်များစွာကို ကြံ့ကြံ့ခံရင်ဆိုင်ပြီးပြည်သူဘက်မှမားမားမတ်မတ်ရပ်တည်ခဲ့တာကို အထင်အရှား တွေ့ခဲ့ရကြောင်း၊ လွတ်လပ်ရေးတိုက်ပွဲကာလမှာ ဖွဲ့စည်းခဲ့တဲ့ ဖဆပလ အဖွဲ့နဲ့ အလားသဏ္ဍာန်တူကြောင်း၊ တစ်တိုင်းပြည်လုံးကို လွှမ်းခြုံပြီး တခဲနက် စည်းရုံး ဦးဆောင်မှု ပေးနိုင်တာကို တွေ့ခဲ့ရကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်တဲ့နေ့ဟာ ဂုဏ်ယူထိုက်ဂုဏ်ပြုထိုက်တဲ့ နေ့တစ်နေ့လို့ ဆိုချင်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ သမိုင်း၏ လိုအပ်ချက်အလျောက် ပေါ်ပေါက်လာသည့်လူထုပါတီဖြစ်ခြင်းကြောင့် လေးစားထိုက်သည့် ပါတီဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတဒူဝါလရှီးလက စက်တင်ဘာ (၂၇) ရက်တွင်ပြုလုပ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း (၃၄) နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။ https://bit.ly/3Sx5p0K

၂။ ရက်ပေါင်း (၆၀၀) တိုင် တစ်ရက်မပြတ် လူထုလှုပ်ရှားမှုသပိတ်ဆင်နွှဲနေသည့် ကလေးမြို့သပိတ်အား အားတက်ဂုဏ်ယူဖွယ်ဖြစ်ကြောင်း ယာယီသမ္မတပြောကြား။

ကလေးမြို့နယ်ပြည်သူပြည်သားများက အကြမ်းဖက်စစ်အုပ်စုအား လူထုလှုပ်ရှားမှုသပိတ်အဖြစ် တစ်ရက်မှ မပြတ်ဘဲ တိုက်ပွဲဆင်နွှဲလာခဲ့သည်မှာ ရက်ပေါင်း ၆၀၀ တိတိပြည့်မြောက်ခဲ့ပြီဖြစ်ပြီး သပိတ်တိုက်ပွဲများကို အင်တိုက်အားတိုက် ဖွဲကြီးစွာဖြင့် ဖော်ဆောင်ခဲ့ကြသည့် ကလေးမြို့နယ်ပြည်သူများ၏ တော်လှန်ရေးတာဝန် ကျေပွန်မှုနှင့် သူရသတ္တိများကို အထူးလေးစားဂုဏ်ယူကြောင်း ကလေးပြည်သူပြည် သားများအနေဖြင့်ကျော် ဖြတ်ခဲ့သည့် ကာလတစ်လျှောက်လုံးတွင် ခက်ခဲပင်ပန်းမှု ဆင်းရဲကြပ်တည်းမှု ဒုက္ခများစွာကို ကြံ့ကြံ့ခံအံတု ကျော်ဖြတ်ခဲ့ကြပြီး လူထုလှုပ်ရှားမှု သပိတ်တိုက်ပွဲများကို ဖော်ဆောင်တိုက်ပွဲ ဝင်နိုင်ခဲ့ကြခြင်းအား ကလေး ဒေသခံကာကွယ်ရေး တပ်ဖွဲ့များက ပူးပေါင်းကာ လုံခြုံရေး လိုက်ပါဆောင်ရွက်ပေးနေကြခြင်းမှာ လွန်စွာ အားတက်ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း ယာယီသမ္မတက ပြောကြားသည်။ https://bit.ly/3rFnC0l

---

၃။ နိုင်ငံခြားတိုင်းပြည်များမှ အကူအညီလုံးဝမရှိဘဲ ပြည်သူ့ချွေးနဲ့စာဖြင့် တိုင်းပြည်တည်ဆောက်နေရသည့်အတွက် ဘဏ္ဍာငွေများအား ကိုယ်ကျိုးအတွက် အသုံးမပြုကြရန် NUG ယာယီသမ္မတတိုက်တွန်းပြောကြား။

ယနေ့အချိန်ထိ နိုင်ငံခြားတိုင်းပြည်များမှ ထောက်ပံ့ငွေများ လုံးဝ မရရှိသေးသည့်အတွက် မိမိတို့ ပြည်သူ ပြည်သားများ၏ မေတ္တာစေတနာဖြင့် ပံ့ပိုးပေးသော ငွေများဖြင့်သာ ယခုတော်လှန်ရေးကို အဓိကမောင်းနှင်နေခြင်းဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက စက်တင်ဘာ (၂၈) ရက်တွင်ပြုလုပ်သည့် (၇) ကြိမ်မြောက် ဘဏ္ဍာရေးကော်မရှင် အစည်းအဝေးတွင်ပြောကြားခဲ့သည်။

NUG အစိုးရ၏ ကြီးမားလှသည့် ဘဏ္ဍာငွေ အသုံးစရိတ်များကို ပြည်သူလူထု၏ ချွေးနည်းစာ စေတနာဖြင့် မတည်လည်ပတ်နေခြင်းဖြစ်သည့်အားလျော်စွာ စနစ်ကျရန်၊ ဦးစားပေး ကဏ္ဍများတွင် သုံးစွဲတတ်ရန်၊ အလေအလွင့် မရှိရန်နှင့် ကိုယ်ကျိုးအတွက် အသုံးမပြုမိကြရန်အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်ဘဏ္ဍာသည် အစိုးရအတွက် အလွန်အရေးကြီးပြီး အစိုးရယန္တရားတစ်ခုလုံး လည်ပတ်ရန် ဘဏ္ဍာ ငွေမှာ လွန်စွာအရေးကြီးသည့် မဏ္ဍိုင်ဖြစ်ကြောင်း အထူးအားဖြင့် တိုက်ပွဲဝင် အစိုးရဖြစ်သည့်

စာမျက်နှာ (၃) သို့

စာမျက်နှာ (၂) မှ

အားလျော်စွာ PDF ရဲဘော်များကို စုစည်းလေ့ကျင့်ပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း၊ စားနပ်ရိက္ခာဆေးဝါးများ ပံ့ပိုးပေးခြင်း၊ စစ်ဆင်ရေးစရိတ်များ ပံ့ပိုးပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်မဟာမိတ်အချို့အား မျှဝေပေးခြင်းစသည့် ကဏ္ဍများတွင် လစ်ဟင်းမှုမရှိစေရန် အချိန်နှင့်တပြေးညီ ဆောင်ရွက်ရကြောင်း ဆက်လက်ပြောကြားခဲ့သည်။ https://bit.ly/3LXF7SI



၄။ နိုင်ငံတကာအကူညီများမရခဲ့ပါက CDM သမားများအား ထောက်ပံ့နိုင်ရေးအတွက် နောက်ထပ်နည်းလမ်းသုံးပြီး ဝိုင်းဝန်းကြိုးပမ်းကြရန် ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား။

NUG အစိုးရစတင်မဖွဲ့စည်းခင်ကတည်းက ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ အနေဖြင့်လည်း ကြိုးပမ်းခဲ့ကြတာတွေ ရှိခဲ့သလို အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းပြီး နောက်ပိုင်းမှာလည်း CDM တွေအတွက် ကဏ္ဍစုံက စဉ်းစားကြ ဆွေးနွေးခဲ့ကြပြီး စီမံနိုင်ဖို့တွေလည်း အားထုတ်ခဲ့ကြကြောင်း၊ နိုင်ငံတကာမှ လူသားခြင်းစာနာမှု အကူအညီမျိုးတွေမရဘဲနှင့် မိမိတို့ သူရဲကောင်း CDM သမားများအားလုံးကို ကူညီပေးနိုင်ဖို့ အခက်အခဲတွေဖြစ်နေရဦးမှာဖြစ်ကြောင်း၊ ဒီနည်းလမ်းနဲ့မရရင် နောက်နည်းလမ်းသုံးပြီး ဝိုင်းဝန်း ကြိုးစားအားထုတ်စေလိုကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက စက်တင်ဘာ (၂၇) ရက်တွင် ပြုလုပ်သည့် အမျိုးသားညီညွတ်ရေး အစိုးရ (၆၉) ကြိမ်မြောက် အစိုးရအဖွဲ့အစည်းဝေးတွင် တိုက်တွန်း ပြောကြားခဲ့သည်။



စိုက်ပျိုးရေးဌာနမှ CDM ပြုလုပ်ထားသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံများကို တော်လှန်ရေး၏ လိုအပ်ချက်ရှိသည့်နေရာများတွင် ဖြည့်ဆည်းနိုင်ဖို့ စီစဉ်ဆောင်ရွက် နေတာတွေရှိကြောင်း၊ နောက်ပိုင်းမှာ ပြည်နယ် အစိုးရတွေ ပေါ်ပေါက်လာတဲ့အခါ၊ စိုးမိုးထိန်းချုပ်နယ်မြေတွေ များများရှိလာတဲ့အခါ အစိုးရရဲ့အုပ်ချုပ်ရေး အင်အားကို အကောင်အထည်ဖော်နိုင်ဖို့ CDM တွေရဲ့အင်အားတွေ အများကြီး လိုအပ်လာမှာဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်က ပြောသည်။ https://bit.ly/3UUeKRF

ကာကွယ်ရေးဝန်ကြီးဌာန

၅။ ပြည်သူ့စစ်မဟာဗျူဟာကိုကျင့်သုံးပြီး တရားသောစစ်ကို ဆင်နွှဲသွားကြရန် ကာကွယ်ရေးဒုဝန်ကြီးက PDF ရဲဘော်များအား တိုက်တွန်းပြောကြား

ပြည်သူ့ကာကွယ်ရေးတပ်မတော်ဆိုတာဟာ ပြည်သူ့တို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးဖို့ အဓိကတာဝန်ဖြစ်ကြောင်း၊ စုဖွဲ့မှုနှင့် ထိန်းချုပ်မှုအားကောင်းသော အမိန့်ပေးကွပ်ကဲမှုအောက်မှာ အမိန့်နာခံမှု၊ စည်းကမ်းသေသပ်မှုနှင့် တိုက်ခိုက်စွမ်းရည်မြင့်တဲ့ ခေတ်မီနည်းပညာစစ်ပွဲနှင့် ပြည်သူစစ်မဟာဗျူဟာကို ကျင့်သုံးပြီး ကျေးလက်ကိုအခြေခံမြို့ကိုပတ်ဝိုင်းပြီး တရားသောစစ်ကို ဆင်နွှဲသွားရန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးနိုင်ကောင်းရွှက်က အပတ်စဉ် PDF ရဲဘော်များအားပြောကြားသည့် မိန့်ခွန်းတွင် တိုက်တွန်းပြောကြားခဲ့သည်။

မဏ္ဍိုင်ကြီး (၃) ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ နှင့် တရားစီရင်ရေးဆိုတဲ့ အာဏာသုံးရပ်ကို စိုက်ထူပြီး အမျိုးသားညီညွတ်ရေးအစိုးရကို တည်ဆောက်ပြီး ကာကွယ်ပေးသွားရန်၊ ဖက်ဒရယ်ပြည်ထောင်စုနှင့် ဖက်ဒရယ်တပ်မတော် ပေါ်ပေါက်လာရေးအတွက်နှင့် ခိုင်မာသောစိတ်ဓာတ်ဖြင့် အကြမ်းဖက်စစ်ကောင်စီကို အမြစ်ဖြတ်ချေမှုန်းပြီး တရားသောစစ်ကို အောင်မြင်သည်အထိ တိုက်ပွဲဝင်သွားကြရန်လည်း ဆက်လက်တိုက်တွန်းနှိုးဆော်ခဲ့သည်။ https://bit.ly/3rjZSyD

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန

၆။ အာဏာသိမ်းပြီးတစ်နှစ်ကျော်အတွင်း အကြမ်းဖက်စစ်ကောင်စီက အသက် ၁၈ နှစ်အောက် ကလေး သူငယ် (၂၄၀) နီးပါးကို သတ်ဖြတ်ခဲ့ပြီး၊ (၃၇၀) နီးပါး ဖမ်းဆီးထိန်းသိမ်းထား။

အကြမ်းဖက်စစ်ကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက် အကြမ်းဖက် အာဏာလုယူခဲ့သည့်နေ့ရက်မှစပြီး ယနေ့အချိန်အထိ အသက်(၁၈) နှစ်အောက် ကလေးသူငယ် (၂၃၄) ဦးကို သတ်ဖြတ်ခဲ့ပြီး ၊ (၃၆၃) ဦး မှာလဲ ဖမ်းဆီးထိန်းသိမ်းခံထားရကြောင်း အကြမ်းဖက်စစ်ကောင်စီကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများတွင် အသက်ခန္ဓာရင်းနှီးပေးဆပ်ခဲ့ကြရသူများအားလုံးအတွက် တရားမျှတမှုပြန်လည်ရရှိနိုင်ရေး ဖြစ်စဉ်တစ်ခုဆီတိုင်း၏ သက်သေအထောက်အထားများကို စနစ်တကျ စုဆောင်း၍ သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများသို့ ပို့ဆောင် လျက်ရှိကြောင်း

စာမျက်နှာ (၅) သို့

စာမျက်နှာ (၄) မှ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန

ကြေညာချက် (၆ / ၂၀၂၂)
၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

NUGPay ၏ Pilot Project **ကာလပြီးဆုံးကြောင်း အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ငွေကြေးပေးချေမှု စနစ်များ ပိုမိုကောင်းမွန်စေရန်နှင့်လွယ်ကူလျင်မြန်စေရန်အတွက် မြန်မာကျပ်ငွေနှင့်တူညီစွာ တန်ဖိုးရှိသော ဒစ်ဂျစ်တယ်မြန်မာကျပ်(DMMK– Digital Myanmar Kyat) ကို ပြည်တွင်းသုံးစွဲမှုအတွက် NUGPay မိုဘိုင်း ပိုက်ဆံအိတ်နှင့်အတူ ၂၀၂၂ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၇/၂၀၂၂ ဖြင့် Pilot Project စတင်ကြောင်းကြေငြာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ NUGPay Pilot Project ၏ Target ပြည့်မီအောင်မြင်ပြီးဆုံးပြီဖြစ်ပြီး Pilot ကာလအတွင်း သုံးစွဲသူမိဘပြည်သူများနှင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးခဲ့ကြသော NUGPay ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပိုမိုဆန်းသစ်သောဝန်ဆောင်မှုများဖြင့် NUGPay ကို ဆက်လက်ဝန်ဆောင်မှုပေးနေမည်ဖြစ်ပြီး မကြာခင်အချိန်တွင် NUGPay Commercial Launch ကို ကြေညာပေးသွားမည်ဖြစ်ပါသည်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

အမျိုးသားညီညွတ်ရေးအစိုးရ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ အမျိုးသားညီညွတ်ရေးအစိုးရက ဖော်ပြထားသည်။

အကြမ်းဖက်စစ်ကောင်စီအနေဖြင့် ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာတွင် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပါအဝင် ၂၀၂၁ ဇူလိုင်လအတွင်း စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ တောင်ပေါက်ရွာ၊ ကြက်ချောင်းတောတိုက်ရွာ၊ ယင်းရွာ၊ ကုန်းသာရွာတို့တွင် လူ (၄၀) ကျော် သတ်ဖြတ်ခဲ့ခြင်း၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၇) ရက်နေ့တွင် ဆားလင်းကြီးမြို့နယ် ဒုန်းတောရွာ၌ (၁၄) နှစ်မှ (၁၇) နှစ်အကြား ကလေးသူငယ်လေးဦး အပါအဝင် ဒေသခံ (၁၀) ဦးကို သတ်ဖြတ်ခဲ့သည်။

ထို့အပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် ဖရူဆိုမြို့နယ် မိုဆိုကျေးရွာ ၌ အမျိုးသမီး၊ ကလေးငယ်နှင့် Save the Children မှ ဝန်ထမ်းနှစ်ဦးအပါအဝင် (၄၉) ဦးအား မီးရှို့သတ်ဖြတ်ခဲ့ခြင်း ၊ ၂၀၂၂ ဇန်နဝါရီလ (၆) ရက်နေ့တွင် ချင်းပြည်နယ် မတူပီမြို့နယ်၌ သတင်းထောက်တစ်ဦးနှင့် ကလေးငယ်တစ်ဦးအပါအဝင် (၁၁) ဦးကို ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခဲ့ခြင်း၊ ၂၀၂၂ ဧပြီလ (၁၉) ရက်တွင် ရှမ်းပြည် တောင်ပိုင်း၊ ရွာငံပဲရင်းတောင်ရွာ၌ အမျိုးသား (၉) ဦးကို မီးရှို့သတ်ဖြတ်ခဲ့ခြင်း ၊ ၂၀၂၂ ခုနှစ် မေ ၁၂ ရက်တွင် ရေဦးမြို့နယ် မုန်တိုင်ပင်ရွာ၌ (၂၈) ဦးကို မီးရှို့သတ်ဖြတ်ခဲ့ခြင်း စသည့် လူအစုလိုက် အပြုံလိုက်သတ်ဖြတ် မှုများ ကျူးလွန်ခဲ့သည်ကို အချက်အလက်များအရ တွေ့ရကြောင်းဖော်ပြထားသည်။

ကမ္ဘာ့ကုလသမဂ္ဂနှင့်တကွနိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့်လဲမြန်မာနိုင်ငံနှင့်ပတ်သက်ပြီးထိရောက်ပြင်းထန်သောအရေးယူ ဆောင်ရွက်မှုများကို အလျင်အမြန် ဆောင်ရွက်မှသာလျှင် ကမ္ဘာ့တစ်ဝှမ်းရှိလူသား မျိုးနွယ်စုတစ်ခုလုံး၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးတို့ကို ခြိမ်းခြောက်လာနေသည့် အ ကြမ်းဖက်စစ်တပ်၏ ရက်စက်ရမ်းကားမှုများကို ရပ်တန့်နိုင်မည်ဖြစ်ကြောင်း အလေးအနက်ထား တိုက်တွန်းနှိုးထားသည်။ https://bit.ly/3RsTsrv

၇။ Spring Mandalay Investment အတွက် မြေကွက် (၃၀၀) ကျော် ကြိုတင် အမှာစာ ရရှိထား

ရွှေမြို့တော်မန္တလေးဟာ တော်လှန်ရေးမှာ ဘယ်တော့မှ သွေးမအေးခဲ့ပါဘဲ အခုလည်း Spring Mandalay Investment မြေကွက်တွေ စတင် ရောင်းချတော့မယ်၊ ကိုယ်စားလှယ်တွေဆီမှာ စာရင်းပေးလို့ ရပါပြီ ဆိုတာ နဲ့ မြေကွက် ၃၀၀ ကျော် ကြိုတင် အမှာစာ တင်ထားကြပြီဖြစ်ကြောင်း The End of Dictatorship က စက်တင်ဘာ တွင်သတင်းထုတ်ပြန်ခဲ့သည်။

Spring Mandalay Investment တွင် ရွှေဦးနှင်းဆီ@Maha Aung Myay၊ ရွှေဦးတောင်ရိပ်ညို @Mandalay Hill နှင့် ရွှေဦးရောင်စဉ် @Ye Dagun Taung တို့ကိုဖော်ဆောင်မည်ဖြစ်ပြီး ရွှေဦးနှင်းဆီမှာ မဟာအောင်မြေမြို့နယ်၊ ဒေါ်အောင်ဆန်းစုကြည်

စာမျက်နှာ (၆) သို့

စာမျက်နှာ (၅) မှ

လမ်းတောင်ဘက် အကြမ်းဖက်စစ်တပ်က သိမ်းယူ ထားသည့် မြေနေရာဖြစ်ကြောင်း နွေဦးတောင်ညိုမှာ အောင်မြေသာဇံမြို့၊ မန္တလေးတောင် အရှေ့ဘက်၊ အကြမ်းဖက်စစ်တပ်ကသိမ်းယူထားသည့်မြေနေရာဖြစ်ကြောင်းနှင့် နွေဦးရောင်စဉ်မှာ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးနည်းပညာ တက္ကသိုလ်အရှေ့ဘက် အကြမ်းဖက်စစ်တပ်က သိမ်းယူထားတဲ့ မြေနေရာတို့ဖြစ်ကြောင်း ဖော်ပြထားသည်။ https://bit.ly/3SrqzNN

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၈။ ပြည်သူ့လုံခြုံရေးအဖွဲ့များအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများကို လစ်ဟင်းမှုမရှိစေရန် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး တိုက်တွန်းပြောကြား

ပြည်သူ့လုံခြုံရေးအဖွဲ့များအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများကို လစ်ဟင်းမှုမရှိစေရန် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးလွင်ကိုလတ်က စက်တင်ဘာ ၂၇ ရက်တွင်ပြုလုပ်သည့် ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ် ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်း၊မကွေးတိုင်းရှိ မြို့နယ်ပြည်သူ့လုံခြုံရေးအဖွဲ့များ ပထမအကြိမ်အစည်း အဝေး၌ တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/3E8So9h

အလုပ်သမား ဝန်ကြီးဌာနက

၉။ ထိုင်းနိုင်ငံ၊ ငါးသေတ္တာစက်ရုံမှအလုပ်ထုတ်ခံရသည့် အလုပ်သမားများ အတွက် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ဟု NUG ထုတ်ပြန်

ထိုင်းနိုင်ငံ၊ စမုပရာကန်ခရိုင်၊ ဘန်ဘော်နယ်မြေရှိ ငါးသေတ္တာစက်ရုံမှ အလုပ်ထုတ်ခံရသည့် အလုပ်သမား များအတွက် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်ထုတ်ရာ၌ ကြိုတင်အကြောင်းကြားရန် ပျက်ကွက်ခြင်းကြောင့် အလုပ်သမား ၃၈ ဦးအတွက် လုပ်ခလစာနှင့် လုပ်သက်အလိုက် နစ်နာကြေးများ ရရှိရန် အလုပ်ရှင်အား အမှု ဖွင့်ခဲ့ခြင်း၊ အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းသဘောတူမှုအရ ကျန်အလုပ်သမားများအတွက် အလုပ်ရှင်မှ ပေး ရန်ကျန်ရှိသောလုပ်အားခများနှင့် တရားဝင်အလုပ်ပြောင်းရွှေ့ခွင့် စာရွက်စာတမ်းများ အမြန်ဆုံးရရှိ နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမား ဝန်ကြီးဌာနက စက်တင်ဘာ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏အရေးပေါ်ကာလ လအခြေအနေတွင် အကူအညီမဲ့နေသည့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ အလုပ်သမား အကျိုးခံစားခွင့်များ ရရှိအောင် ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးသည့် စမုပရာကန်ခရိုင် အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးဌာန (ဆာဝါဒီကန်)၊ အလုပ်အကိုင်ဌာန (ကျဟာငန်) နှင့် ဝန်ကြီးဌာန၏ တာဝန်ပေးအပ်မှုအရ ညှိနှိုင်းဖြေရှင်းပေးသည့် ကိုရဲမင်း (AAC အဖွဲ့)နှင့် ဦးသက်ပိုင်မင်းတို့အား အမျိုးသား ညီညွတ်ရေး အစိုးရ၊ အလုပ်သမားဝန်ကြီးဌာနမှ မှတ်တမ်းတင်ဂုဏ်ပြု ကြောင်းလည်းဖော်ပြထားသည်။ https://bit.ly/3SK12yU